# LOANS

## ချေးငွေများ

(အသေးစားစီးပွားရေးလုပ်ငန်းရှင်များနှင့် သင်တန်းပေးသူများ)

နေ့စွဲ - ၁၂/၀၁ (၁) နာရီ

ရည်ရွယ်ချက် ။ ။ ပါဝင်သူများသည် ချေးငွေသဘောကို နားလည်၍ အမြတ်ငွေကို မှန်ကန်စွာ တွက်ချက်အသုံးပြုတတ်ရန်။

သင်တန်းပေးသူများ အတွက်သုံးသပ်ချက် ။ ။ ချေးငွေ(သို့)လှည့်ပတ်ချေးငွေကို လက်ခံမည့်သူ၊ ပါဝင်သူများသည် ချေးငွေ၏အကြောင်းကိုသဘောပေါက်ပြီး သူတို့၏စီးပွားရေးလုပ်ငန်း စီမံကိန်းရေးဆွဲနိုင်ရန်နှင့် အမြတ်ငွေကို မည်ကဲ့သို့ တွက်ချက်အသုံးပြုပုံကို နားလည်နိုင်ရန်။

| နည်းလမ်း | အချိန် | သုတပညာ |
|---|---|---|

**စတင်ခြင်း။ သရုပ်ပြခန်း** ၅'

ပထမလူ ။ ။ ဟိတ် - မြို့ထဲမှာ ငွေတွေထုတ်ပေးနေတယ်ဆိုတဲ့အဖွဲ့တစ်ခုအကြောင်း ငါကြားခဲ့တယ်။

ဒုတိယလူ ။ ။ ငါကြားတော့ ဒီလိုမဟုတ်ပါလား၊ ငွေတွေက လက်ဆောင်အဖြစ်ပေးတာလည်းမဟုတ်၊ ပြန်ဆပ်စရာလည်းမလိုဘဲအပြီးပေးတာလဲ မဟုတ်ပါဘူးကွာ၊ လှည့်ပတ်ချေးငွေသဘောပေးတာပါ။

ပထမလူ ။ ။ ဘာကွာခြားလို့လဲ၊ အခမဲ့ရတဲ့ငွေဟာ အလကားရတဲ့ငွေဘဲပေါ့။

နားလည်သဘောပေါက်ရန် ပြန်လည်မေးမြန်းခြင်း

- ဤသရုပ်ပြခန်းတွင် သင်ဘာကိုတွေ့သနည်း။
- မည်သည့်အရာ ဖြစ်ပျက်ခဲ့သနည်း။

- မိတ်ဆွေနှစ်ဦး သတင်းဖလှယ်နေကြသည်။
- ရပ်ရွာလူထုအသိုင်းအဝိုင်းအတွက် အကျိုးပြုမည့် အဖွဲ့အကြောင်း ဆွေးနွေးကြသည်။ သို့သော် ထိုငွေသည် ပေးငွေလား၊ ချေးငွေလားဆိုသည်ကို သဘောမတိုက်ဆိုင်ကြပါ။

| နည်းလမ်း | အချိန် | သုတပညာ |
| --- | --- | --- |
| - ဤအရာသည် ကျွန်ုပ်တို့နေရာတွင် ဖြစ်ပျက်နေပါသလား။ | | - လူများစွာတို့သည် ချေးငွေနှင့် ပေးငွေ၏ခြားနားခြင်းကို နားလည်လွဲနေကြပါသည်။ |
| - အဘယ်ကြောင့် ဤဖြစ်ရပ်ဖြစ်ပွားရသနည်း။ | | - ချေးငွေသော်၎င်း၊ ပေးငွေသော်၎င်း၊ ရပ်ရွာအတွင်းသို့ မမျှော်လင့်ထားသော ငွေများဝင်လာမည်ဖြစ်သဖြင့် စိတ်တက်ကြွပြီး စိတ်လှုပ်ရှား၊ စိတ်ရှုပ်ထွေးကုန်ကြသောကြောင့် ဖြစ်သည်။ |
| - **ကျွန်ုပ်တို့ ဘာလုပ်နိုင်သနည်း။** | | - ကျွန်ုပ်တို့သည် ချေးငွေနှင့်ပေးငွေ၏ ခြားနားချက်ကို သိနားလည်နိုင်၍ ရပ်ရွာအသိုင်းအဝိုင်းအတွက် လှည့်ပတ်ချေးငွေ၏အကျိုးကျေးဇူးကို သိနားလည်နိုင်ပါသည်။ |
| ၁။ ချေးငွေ၏ အနက်အဓိပ္ပါယ်သတ်မှတ်ခြင်း။ | ၈' | ၁။ ချေးငွေကို အနက်အဓိပ္ပါယ် သတ်မှတ်ခြင်း။ |
| က။ ပါဝင်သူများကို အဖွဲ့ငယ်လေးများဖွဲ့စေ၍ အဖွဲ့တိုင်းတွင် မှတ်တမ်းပြုစုသူနှင့် ပြန်လည်သတင်းပို့မည့် သူတစ်ယောက်စီ ရွေးချယ်ထားစေပါ။ အဖွဲ့ငယ်တိုင်းကို စာရွက်ငယ်လေးများ ပေး၍ ရင်းနှီးမြှုပ်နှံမှုအမျိုးမျိုးကို ရေးချစေပါ။ အဖွဲ့ဝင်များ၏တာဝန်သည် ထိုစာရွက်ငယ်များကို အုပ်စုနှစ်စုခွဲရန် ဖြစ်သည်။<br>ချေးငွေ/ချေးငွေမဟုတ် | | က။ အောက်ပါအချက်များသည် စာရွက်ငယ်များပေါ်တွင် ရေးသားထားချက်များ ဖြစ်ပါသည်။<br>- သင်သည် သင်၏ဦးလေးထံမှ ငွေများအမွေရရှိခဲ့သည်။<br>- သင်သည် မိသားစုဝင်တစ်ဦးထံမှ ငွေချေး၍ နောက်မှ ထိုငွေကိုပြန်ဆပ်သည်။<br>- စီးပွားရေးလုပ်ငန်းတစ်ခု စတင်ရန် သင်၏ဖခင်က ငွေအရင်းအနှီး ထုတ်ပေးသည်<br>- ဘဏ်တိုက်မှ သင့်အားငွေချေး၍ အတိုးနှင့် ပြန်ဆပ်ရမည်။<br>- သင်သည် သင်စုဆောင်းထားသောငွေများကို စီးပွားရေးလုပ်ငန်းစတင်ရန် အရင်းအနှီးအဖြစ် အသုံးပြုသည်။<br>- သင်သည် ကြွယ်ဝသော မိတ်ဆွေတစ်ဦးထံမှ လက်ဆောင်ငွေ ရရှိသည်။ |

| နည်းလမ်း | အချိန် | သုတပညာ |
| --- | --- | --- |
| | | - သင်သည် ရိုးရာ ငွေစုငွေချေးအသင်းတစ်ခုတွင် ပါဝင်ငွေစုခဲ့ပြီး သင်၏အလှည့်ရောက်သောအခါ အတိုင်းအတာတစ်ခုအထိ ငွေလက်ခံရရှိသည်။<br>- သင်သည် စီးပွားဘက်မိတ်ဆွေတစ်ဦးထံမှ ရင်းနှီးငွေရရှိ၍ အမြတ်ကို ခွဲဝေယူရန် သဘောတူထားသည်။ |
| ၁။ အဖွဲ့ငယ်များကို အတူပြန်၍ ဝိုင်းဖွဲ့စေပါ။ အဖွဲ့တိုင်းကို မိမိတို့ရေးသားထားသည့် ရင်းနှီးမြှုပ်နှံမှုအမျိုးမျိုးကို ပြန်လည်ပြောကြား၍ မည်ကဲ့သို့ အဓိပ္ပါယ်ခွဲခြားသတ်မှတ်သည်ကို ရှင်းပြစေပါ။ ပါဝင်သူတစ်ဦးကို စာရွက်ကြီးပေါ်၌ မှတ်တမ်းတင်စေ၍ ချေးငွေအနက်အဓိပ္ပါယ်သတ်မှတ်ချက်ကို အတူတကွ ဆွေးနွေးပြင်ဆင်စေပါ။ | | |
| ၂(က) အတိုး(သို့)ပြန်လည်ပေးဆပ်ရမည့်ငွေကို တွက်ချက်ခြင်း။<br>အုပ်စုကြီးတွင် (ပြန်ဆပ်ငွေ)အတိုး၏အဓိပ္ပါယ်ကို ရှင်းလင်းပြပါ။ | ၅' | ၂(က)အတိုးတွက်ခြင်း<br>အတိုးဆိုသည်မှာ သင်သည်အခြားသူတစ်ဦး၏ငွေကိုယူ၍ သုံးစွဲခြင်းကြောင့် ပေးရသည့် ငှားခ ဖြစ်ပါသည်။<br>အတိုးပမာဏသည် မိမိချေးယူသောငွေပမာဏပေါ်တွင် တည်ပါသည်။ ၎င်းသည် သင်ပြန်လည်မဆပ်ရသေးသော ငွေ၏ရာခိုင်နှုန်းအတိုင်းအတာတစ်ခု ဖြစ်သည်။ လည်ပတ်ချေးငွေတွင် အတိုးသည် လုပ်ငန်းစရိတ်နှင့် ငွေဖောင်းပွမှုများကို ကာမိစေ၍ ရံပုံငွေကို ဆက်လက်လည်ပတ်စေသည်။ |

| နည်းလမ်း | အချိန် | သုတပညာ |
| --- | --- | --- |
| ၇။ အတိုးငွေမည်ကဲ့သို့ တွက်ချက်သည်ကို ဖော်ပြပါ။<br>ပါဝင်သူများကို စီးပွားဘက်တစ်ဦးနှင့်အတူ လုပ်ကိုင်ရန်ပြောပါ။ ဤအတိုးပြဿနာကို နံရံကပ်စက္ကူပေါ်တွင် ရေးစေပါ။ စီးပွားဘက်တစ်ဦးနှင့်တစ်ဦး ကူညီ၍ အတိုးတွက်ခြင်းကို လေ့ကျင့်စေပါ။<br>ငွေ ၃၀၀ ကို ၁%<br>ငွေ ၁၀၀၀ ကို ၁. ၅%<br>ငွေ ၃၄၉ ကို ၁%<br>ငွေ ၄၇၉ ကို %<br>ငွေ ၆၀၀ ကို ၁. ၈%<br>ငွေ ၃၅၀ ကို ၁% | ၁၅' | |
| ၈။ **ချေးငွေထုတ်ယူခြင်း၏ ကောင်းကျိုး/ဆိုးကျိုး** တို့သည် အဘယ်နည်း။<br>အုပ်စုကြီးတွင် ဆွေးနွေးပါ။ | | ၈။ **ချေးငွေထုတ်ယူခြင်း၏ ကောင်းကျိုး/ဆိုးကျိုး**သည် အဘယ်နည်း။<br>ကောင်းကျိုး -<br>- ကျွန်ုပ်တို့အား စီးပွားရေးလုပ်ငန်းတစ်ခုစတင်ရန် အကူအညီပေးသည်။<br>- အချိန်မီပြန်ဆပ်လျှင် နောက်တစ်ကြိမ်ထပ်ချေးရန် လွယ်ကူစေသော အစဉ်အလာကို ဖြစ်စေသည်။<br>- စီးပွားရေးလုပ်ငန်းသစ် ပြုလုပ်ခြင်း(ချေးငွေကြောင့်)သည် ကျွန်ုပ်တို့၏ ရပ်ရွာအသိုင်းအဝိုင်းအတွက် ကူညီရာရောက်သည်။<br>- ချေးငွေထုတ်ချေးခြင်းသည် ကျွန်ုပ်တို့အား အလွန်ကောင်းသော စီးပွားရေးလုပ်ငန်း အစီအစဉ်တစ်ခုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ကူညီပါသည်။ |

| နည်းလမ်း | အချိန် | သုတပညာ |
|---|---|---|
| | | ဆိုးကျိုး -<br>- ကျွန်ုပ်တို့သည် ချေးငွေကို ပြန်ဆပ်နိုင်ရန် စွန့်စားမှုကို ပြုရသည်။<br>- ကျွန်ုပ်တို့သည် ချေးငွေကို ကတိပြုထားသည့်အတိုင်း ပြန်မဆပ်နိုင်လျှင် ဂုဏ်သိက္ခာကျဆင်း၍ လူအများ၏ ယုံကြည်မှုပျက်ပြားစေသည်။<br>- ချေးငွေကို ပြန်မဆပ်နိုင်လျှင် စီးပွားပါဆုံးရှုံးနိုင်သည်။ |
| ၃။ ချေးငွေပြန်ဆပ်ခြင်းကို မှတ်တမ်းတင်ထားခြင်း<br>အုပ်စုကြီးတွင် ချေးငွေမှတ်တမ်းစာအုပ်မှ နမူနာစာမျက်နှာအချပ်ကို ဝေငှ၍ ရှင်းလင်းပြပါ။ | | ၃။ ချေးငွေပြန်ဆပ်ခြင်းကို မှတ်တမ်းတင်ထားခြင်း။ |

ခံယူချက်သဘောထား ။ ။ သင်တန်းပေးသူသည် ချေးငွေ၏အဓိပ္ပါယ်ကို နားလည်မှ အတိုးကို တွက်ချက်တတ်မည်ဖြစ်၍ ပါဝင်သူများသည်လည်း အလားတူစွမ်းဆောင်နိုင်စေချင်သောဆန္ဒရှိသည်။

ကျွမ်းကျင်မှု ။ ။ ပါဝင်သူများသည် ချေးငွေ၏အဓိပ္ပါယ်ကို နားလည်ပြီး အတိုးတွက်ချက်တတ်၍ သူတို့၏စီးပွားရေးလုပ်ငန်း စီမံကိန်းရေးဆွဲတတ်ရန်။

တန်ဖိုးဖြတ်ခြင်း ။ ။ ပါဝင်သူများသည် ချေးငွေ၏ အဓိပ္ပါယ်ကို နားလည်ပြီး အတိုးတွက်ချက်နိုင်စွမ်းရှိသောအခါ ဤသင်ခန်းစာကို နားလည်သဘောပေါက်ပြီဟု သင်တန်းဆရာကသိရှိပေသည်။

ပစ္စည်းကိရိယာများ ။ ။ နံရံကပ်စာရွက်ကြီး
မှတ်သားရန်ဘောပင်
အုပ်စုတစ်ခုစီအတွက် ချေးငွေ/ချေးငွေမဟုတ် ခွဲခြားရန်စာရွက်အစုံ
ပါဝင်သူတိုင်းအတွက် ငွေချေးစာအုပ်၏ နမူနာစာရွက်